
# ဘိုဘို၏ တေးသီငှက်ကလေးများ



# Bounthy’s Singing Birds
# ဘိုဘို၏ တေးသီငှက်ကလေးများ

Author: Sinthanou Sidavone
Illustrator: Nivong Sengsakoun

Editor: လူသာမန်
Translators: ဦးဖြိုး၊ တီတီအိ-မအူပင်၊ ခေတ်ဘုန်းသစ်

MM-ABP-19-0034
Copyright © 2016 by Room to Read
All rights reserved
Translated by MBAPF under license from Room to Read
Translation Copyright © 2019 by Room to Read

Originally published in Laos by Room to Read in 2016
First Myanmar Language Edition
ISBN – 978-99971-54-54-5

Myanmar Book Aid and Preservation Foundation (MBAPF) is a non-profit charity organization with the goal of improving quality and access to education and information services through community, public and school libraries in Myanmar (Burma).
Learn more at www.mbapf.org

Room to Read ® provides technical assistance services in children’s literacy and girls’ education.
Learn more at www.roomtoread.org

Room to Read
465 California Street, Suite 1000
San Francisco, CA 94104
USA

Original Version available from:
Room to Read Laos: No. 92, Unit 5,
Wat Ban Village, Sisattanak District,
Vientiane Capital, Laos

ထုတ်ဝေသူ -
ဒေါက်တာသန့်သော်ကောင်း (မှတ်ပုံတင်အမှတ် - ၀၀၂၂၀)
Myanmar Book Centre စာပေတိုက်
အမှတ် (၅၅)၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

Distributed by:
Myanmar Book Centre
အမှတ် (၅၅)၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
Tel: (951) 212 409, 221 271, (959) 731 477 32, 730 159 93
Fax: (951) 221 271
Email: info@myanmarbook.com
www.MyanmarBook.com

ပုံနှိပ်သူ -
ဦးမြင့်သူ (မှတ်ပုံတင်အမှတ် - ၀၁၄၆၇)
Print City Design & Printing
No. 263, Corner of Thein Phyu Street & Maha Bandoola Road,
YMCA Building, Botahtaung Tsp, Myanmar. Tel: 09 965 000 118

# ဘိုဘို၏ တေးသီငှက်ကလေးများ



ဘိုဘိုရဲ့ အိမ်ကလေးဟာ
တောအုပ်စပ်လေးနားမှာရှိပါတယ်။
အိမ်လေးနားမှာ ငှက်ကလေး
တွေက တကျူးကျူးကျူ တကျူးကျူးကျူနဲ့
တေးဆိုနေလေ့ရှိတယ်။







ငှက်ကလေးတွေ ပျော်ပျော်မြူးမြူး
သီချင်းဆိုတာကို ဘိုဘိုက ထိုင်ပြီး
နားထောင်နေတတ်တယ်။





သူ့ဖေဖေကတော့ တောထဲ
သွားတဲ့နေ့တိုင်း အိမ်မှာ ဖမ်းထားတဲ့
ငှက်တစ်ကောင်ကို ယူယူသွားတတ်တယ်။
တည်ငှက်လုပ်ပြီး တခြားငှက်တွေကို
ဖမ်းဖို့ပေ့ါ။





တစ်နေ့ တစ်ကောင်၊ တစ်နေ့
တစ်ကောင်နဲ့ အိမ်ကို ဖမ်းလာလိုက်တာ
နောက်ဆုံးမှာတော့ တောထဲက
ငှက်အားလုံး ကုန်ပါရော။







ဘိုဘို့တစ်အိမ်လုံးလည်း
ငှက်တွေ အပြည့်ပဲ။ ဒါပေမယ့်
ငှက်ကလေးတွေဆီက သီချင်းသံအစား
ဝမ်းပန်းတနည်း အော်သံလေးတွေသာ
တစ်ချက်တစ်ချက် ကြားရတယ်။

တစ်နေ့... ဘိုဘို အိပ်ရာက
နိုးလာတဲ့အချိန်မှာ
ငှက်ကလေးတစ်ကောင်တလေဆီကမှ
သီချင်းဆိုသံကို မကြားရတော့ဘူး။







ငှက်ကလေးတွေ ပျော်ပျော်ရွှင်ရွှင်နဲ့
အရင်လို သီချင်းတွေ ပြန်ဆိုလာအောင်
သူ ရှာကြံစဉ်းစားကြည့်တယ်။



ငှက်ကလေးတွေကို
ဆန်စပါးစေ့ကလေးတွေ
ကျွေးကြည့်တယ်။ ဒါပေမယ့်
ငှက်ကလေးတွေဟာ
တစ်စေ့တောင် မစားကြဘူး။

“ငှက်ကလေးတွေရယ်… နင်တို့
ဘာဖြစ်နေကြတာလဲ။ တောထဲကို
ပြန်သွားချင်နေကြတာလား” လို့
ဘိုဘိုက မေးလိုက်တယ်။







ခဏကြာတော့ ဘိုဘိုက
သူ့ဖေဖေကို သွားပြောတယ်။
ငှက်ကလေးတွေကို တောထဲ
ပြန်လွှတ်ပေးဖို့ပေါ့။



ဘိုဘိုနဲ့ သူ့ဖေဖေဟာ
ငှက်ကလေးတွေ အားလုံးကို တောထဲ
ပြန်လွှတ်ပေးလိုက်ကြတယ်။






JJ



ငှက်ကလေးတွေက ပြုံးပြုံးကြီး
ကြည့်နေတဲ့ ဘိုဘို့ကို
နောက်ပြန်လှည့်ကြည့်ပြီး
ဟိုးအဝေးကြီးကို ပျံသွားကြတယ်။




နောက်တစ်နေ့မနက်ရောက်တော့
ဘိုဘို့အိမ်ဘေးက သစ်ပင်ပေါ်မှာ
ငှက်ကလေးတွေရှိနေကြပြီး သူတို့ရဲ့
ပျော်ပျော်ပါးပါး သီချင်းဆိုသံကိုလည်း
ဘိုဘို ပြန်ကြားရပါတော့တယ်။

Bounthy's father captures a dove and puts it in a cage. Bounthy likes listening to the dove's coo. His father catches more birds, but they are sad to be kept in cages. One day, Bounthy discovers the birds will not sing at all. Will Bounthy be able to make the birds happy so they will sing again?

စာရေးသူ -



Sinthanou Sidavone သည် ၁၉၉၄ ခုနှစ်တွင် Savannakhet ၌ မွေးဖွားခဲ့သည်။ သူသည် Savannakhet Teachers's Training College တွင် Faculty of Social Science ဘာသာရပ်ကို တတိယနှစ်ကျောင်းသား အဖြစ် လေ့လာလျက်ရှိသည်။ ၂၀၁၅ ခုနှစ်တွင် Room to Read မှ စီစဉ်သည့် စာရေးသူများ အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်ခဲ့သူလည်း ဖြစ်သည်။

သရုပ်ဖော် ရေးဆွဲသူ -



Nivong Sengsakoun သည် ၁၉၈၅ ခုနှစ်တွင် ဗီယက်နမ် နိုင်ငံ၌ မွေးဖွားခဲ့သည်။ သူသည် National Institute of Fine Arts မှ ဘွဲ့ရရှိခဲ့ပြီး ယခုလက်ရှိတွင် အနုပညာဌာန၌ နည်းပညာပိုင်းကို တာဝန်ယူထားသူလည်း ဖြစ်သည်။ Nivong သည် ကလေးစာအုပ်များစွာကို သရုပ်ဖော်ရေးဆွဲ ပေးခဲ့ဖူးသူ ဖြစ်ပြီး ထိုအထဲမှ ၂၀ ကျော်သည် Room to Read အတွက် ဆွဲထားပေးခြင်းဖြစ်ကာ ဆုများစွာ ရရှိထားသူလည်း ဖြစ်သည်။ သူသည် ၂၀၀၁ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တွင် Room to Read လာအို မှ ကျင်းပသည့် သရုပ်ဖော်ရေးဆွဲသူများ အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်ကာ တွဲဖက် သင်တန်းနည်းပြအဖြစ် ပါဝင်ခဲ့သည်။

ဘိုဘို့ဖေဖေက ငှက်ဖမ်းသမားတစ်ယောက်ပါ။ ငှက်တွေ
ဖမ်းပြီး လှောင်အိမ်ထဲ ထည့်ထားတတ်သူလေ။
ဘိုဘိုကတော့ ငှက်ကလေးတွေ သီချင်းဆိုတာကို
နားထောင်ရတာ အင်မတန်နှစ်သက်တတ်သူပါ။ တစ်နေ့တော့
ငှက်ကလေးတွေ လုံးဝ သီချင်း မဆိုတော့ပါဘူး။ သူတို့တွေ
သီချင်းပြန်ဆိုလာအောင် ဘိုဘို ကြိုးစားရတော့တယ်။

